ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ရှားတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန




# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

## ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

## Village Development Plan (VDP)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


တနော်ကလုကျေးရွာ၊ ရှားတောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)


၂၀၂၁ခုနှစ် ၊ အောက်တိုဘာလ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၃ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၄ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၆ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၅ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၆ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၈ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၃၉ |


ရှားတောမြို့နယ်
ရွှမ်းပြည်နယ်
N
လွိုင်ကော်မြို့နယ်
ရှားတောမြို့
မယ်ဒိုတော်ရောင်း
အောက်မယ်တာယ်ရောင်း
မယ်ပလူးရောင်း
သံလွင်မြစ်
ရည်ညွှန်းချက်
မြို့နယ်
ကျေးရွာ
ကွန်ကရစ်လမ်း
ကတ္တရာလမ်း
ကျောက်လမ်း
မြေသား
မြစ်ချောင်း

ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | မြောက်ပိုင်း | နှန်းအွမ့်လေး | |
| ၂။ | | မြောက်ပိုင်းစုစည်း | |
| ၃။ | | ဒေါလဲဒူ | |
| ၄။ | | ပွန်ချောင်း | |
| ၅။ | | သရီးဒါး | |
| ၆။ | | ဒေါဝယ်ရော | |
| ၇။ | | ဒေါမူလဲ | |
| ၈။ | | ဒေါတနော | |
| ၉။ | | တာနော်ကလု | |
| ၁၀။ | | | |
| ၁၁။ | | | |
| ၁၂။ | | | |
| ၁၃။ | | | |
| ၁၄။ | | | |
| ၁၅။ | | | |
| ၁၆။ | | | |
| ၁၇။ | | | |
| ၁၈။ | | | |
| ၁၉။ | | | |
| ၂၀။ | | | |

# လူထူဇဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်းမိတ်ဆက်အစည်းအဝေး (၂၀၁၉-၂၀၂၀) ခုနှစ်

ကျေးရွာအုပ်စုအမည် - မြောက်ပိုင်း ကျေးရွာအမည် - တနော်ကလု ရက်စွဲ ၁၈.၁၀.၂၀၁၈

၁။ ကျေးရွာသမိုင်းကြောင်း

တနော်ကလုကျေးရွာသည် ကယားပြည်နယ် ရှားတောမြို့၊မြောက်ပိုင်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ တနော်ကလုကျေးရွာတွင် အိမ်ထောင်စု(၃၇)အိမ်တည်ရှိပြီး လူဦးရေ(၂၀၈)ဦးရှိပါသည်။ တနော်ကလုကျေးရွာသည် တောင်ယာ၊ လယ်ယာလုပ်ငန်းလုပ်ကိုင်ကာ အသက်မွေးဝမ်းကြောင်းပြုကြသည်။ တနော်ကလုကျေးရွာသည် ၁၉၆၀ ခုနှစ် မတိုင်ခင်ကတည်းက တည်ထောင်ခဲ့သည်ဟုဆိုပါသည်။ စစ်ဘေးရှောင်စဉ် ကာလတလျောက် လူသူအရောက်နည်းသည့်နေရာလည်းဖြစ်ပါသည်။ ၁၉၉၀ ခုနှစ် နယ်မြေဒေသ မတည်ငြိမ်မှုကြောင့် ရှမ်းပြည်နယ်စပ်ဘက်သို့ စစ်ဘေးရှောင်ခဲ့ကြသည်။ စစ်ရှောင်နေစဉ် စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့နေရသည်။ အသိမိတ်ဆွေများထံမှ ချေးယူခြင်း နေ့စားအလုပ်လုပ်ကိုင်ခြင်းဖြင့် ဝမ်းစာဖြေရှင်းခဲ့ကြရသည်။ ၁၀ နှစ်တာကာလ စစ်ဘေးရှောင်ပြီး ၂၀၀၀ ခုနှစ်ဝန်းကျင်တွင်မူရင်းကျေးရွာကို ပြန်လည်ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ အချို့အိမ်ထောင်စုများမှာ အခြားကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ တဘက်နိုင်ငံ ဒုက္ခသည်စခန်းသို့ ပြောင်းရွှေ့သွားကြသည့် အိမ်ထောင်စုများလည်းရှိပါသည်။

၂၀၀၆ ခုနှစ် အစိုးရနှင့် ကျေးရွာလူထုပူးပေါင်းပြီး မူလတန်းကျောင်းဆောက်လုပ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဂရုဏာလူမှုဖွံ့ဖြိုးရေးအဖွဲ့မှ စိမ့်စမ်းရေသွယ်ယူပေးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် IRC အဖွဲ့မှ ပြန်လည်၍ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပေးခဲ့ပါသည်။ စာသင်ကျောင်းတွင် လိုအပ်သော ကျောင်းအိမ်သာနှင့် မိုးရေလှောင်ကန်အားလည်း ကျေးရွာလူထုနှင့်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကိန္နရီလူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ကျေးရွာခန်းမဆောင်(၁)ဆောင်ဆောက်လုပ် ပေးခဲ့ပါသည်။

တနော်ကလုကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောရွာဖြစ်ပါသည်။ လူသူအရောက်နည်းသည့်ရွာဖြစ်ပြီး ကားလမ်းမပေါက်သောကြောင့် လူသွားလမ်းဖြင့်သာ ကျေးရွာသို့ ရောက်ရှိနိုင်ပါသည်။ မိုးရာသီကာလ ပိုမိုသွားလာရန်ခက်ခဲပါသည်။ ထို့ကြောင့် ကျေးရွာရှိ မူလတန်းအောင်မြင်ပြီးသော ကလေးများသည် အလယ်တန်းပညာဆက်လက်သင်ယူရန် အခွင့်အလမ်း အလွန်နည်းပါးပြီး ပညာရေးဖွံ့ဖြိုးမှုနည်းပါးသည်ကို တွေ့ရှိရပါသည်။

မှတ်တမ်းတင်သူ

အမည် - ပလျားရယ်


ရာထူး - လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/Resource Map) | ၂၀၀၈.၀၄.၂၀ | ရပ်မိ၊ရပ်ဖကော်မတီဝင်များ | ၁၄ | ၁၅ | ၂၉ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေမြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၀၀၈.၀၄.၂၀ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု | ၁၄ | ၁၅ | ၂၉ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၀၈.၀၄.၂၀ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၄ | ၁၅ | ၂၉ | အမျိုးသမီးနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြကွဒိန် Seasonal Calender | ၂၀၀၈.၀၄.၂၀ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၄ | ၁၅ | ၂၉ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၀၈.၀၄.၂၀ | အမျိုးသား၊အမျိုးသမီးများ | ၁၄ | ၁၅ | ၂၉ | အမျိုးသား၊အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၀၀၈.၀၄.၂၀ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့ | ၁၄ | ၁၅ | ၂၉ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ် ...ရှားတော.  ကျေးရွာအုပ်စု ...မြောက်ပိုင်း.... ကျေးရွာ ...တာ နော်ကလု. ရက်စွဲ -၁၇.၁၀.၂၀၁၉...



ပါဝင်ဆွေးနွေးသူ

ကျား- ၁၄

မ - ၁၅

မှတ်တမ်းတင်သူ

အမည် -ပလျားရယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# လူမှုရေးပြဿနာပုံသုံးသပ်ချက်

တနော်ကလုကျေးရွာသည် ကယားပြည်နယ်၊ ရှားတောမြို့၊ မြောက်ပိုင်းအုပ်စုတွင်တည်ရှိပါသည်။ လွိုင်ကော်မြို့မှ ရှားတောမြို့သို့သွားသော ဆက်သွယ်ရေးလမ်းမကြီးပေါ်ရှိ ဒေါကလော်လဲ လမ်းခွမှ မြောက်ဘက်သို့ သွားသောလမ်းမှ ၁၇ မိုင်ခန့်ဝေးသည့် တောင်ပေါ်တနေရာတွင်တည်ရှိသည်။ တနော်ကလုနှင့် လွိုင်ကော် အကွာအဝေးမှာ ၄၉ မိုင်၊ တနော်ကလု နှင့်ရှားတော အကွာအဝေး မှာ ၃၁ မိုင်ရှိသည်။ တနော်ကလု အိမ်ခြေမှာ ၃၇ အိမ်ရှိသည်။ စုစုပေါင်းလူဦးရေမှာ ၂၀၈ ဦးရှိပြီး ကျား-၁၀၁၊ မ-၁၀၇ ဦး ဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

တနော်ကလုကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် အခြားကျေးရွာထက်ခက်ခဲသည့် ရွာဖြစ်သည်။ လွိုင်ကော်မှ ဒေါဝယ်ရောကျေးရွာအထိသာ ကားလမ်းပေါက်၍ဆက်လက်ပြီး ဒေါဝယ်ရော ကနေ ၉ မိုင်ခန့် ဝန်းကျင်တောင်ပေါ်တွင် လူသွားလမ်းတစ်ခုဖြင့်သာ သွားရောက်နိုင်မည်ဖြစ်ပါသည်။ နွေရာသီအချိန်တွင် ဆိုင်ကယ်ဖြင့် သွားလာနိုင်ပြီး မိုးရာသီအချိန်တွင် သွားလာရန်ခက်ခဲပါသည်။

**ပညာရေး**

တနော်ကလုကျေးရွာသည် မူလတန်း ၁ ကျောင်းရှိသည်။ အစိုးရနှင့်ရွာလူထုပူးပေါင်းဆောက်လုပ်ထားပါသည်။ ၎င်းကျောင်းသည် IRC အဖွဲ့မှ ကျောင်းအိမ်သာနှင့်ကျောင်းမိုးရေလှောင်ကန်ဆောက်လုပ်ပေးခဲ့သည်ကို တွေ့ရပါသည်။ တနော်ကလုကျေးရွာ ကလေးများသည် မူလတန်းအဆင့်ပညာသင်ယူခွင့် အပြည့်ဝရရှိကြသော်လည်း ဆက်လက်ပြီး အလယ်တန်းအဆင့် ပညာသင်ယူရန်အတွက် အခွင့်ရေးနည်းပါးသည်ကိုတွေ့ရပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် အခြားရွာသို့ ပညာသွားသင်ယူရန် ကလေးမိဘအချို့မှ တက်နိုင်မှုမရှိကြပေ။

**ကျန်းမာရေး**

တနော်ကလုကျေးရွာသည် နာမကျန်းဖြစ်သောအချိန်နှင့် ထိခိုက်ဒဏ်ရာရသောအချိန်များတွင် ကုသ ရန်ကျေးရွာတွင် ဆေးပေးခန်းမရှိသည့်အတွက် ကုသရန်လွယ်ကူမှုမရှိသော ပြဿနာကြုံတွေ့နေရသည်။ တစ်ခါတစ်ရံ KNPP နယ်လှည့် ဆေးကုသောအဖွဲ့ရောက်သည့်ချိန်နှင့် ကြုံသောအခါတွင်သာ ကုသရန် အဆင်ပြေမှုရှိပါသည်။ အစိုးရကျန်းမာရေးဌာနသည် ကာကွယ်ဆေးထိုးသည့်ချိန်ရှိပါမှ ကျေးရွာသို့ ရောက်ရှိလေ့ရှိပါသည်။ အရေးပေါ်ကျန်းမာရေးအခြေအနေတွင် အချိန်မီဆေးကုသနိုင်ရန် အတွက် လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် လူနာ၏အသက်အန္တရာယ်နှင့် ကြုံတွေ့ကြရသည်။

**သောက်သုံးရေ**

တနော်ကလုကျေးရွာသည် သောက်သုံးရေလုံလောက်စွာရရှိပါသည်။ ၂၀၀၈ ခုနှစ် ဂရုဏာအဖွဲ့မှ စိမ့်စမ်းရေသွယ်ယူပေးခဲ့သည်။ နှစ်အနည်းငယ်ကြာ၍ရေပိုက်ပျက်စီးမှုကြောင့် ရေလုံလောက်စွာမရရှိသည့်အတွက် ၂၀၁၄ ခုနှစ်တွင် IRC လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ရေလုံလောက်ရန် ရေအသစ်သွယ်ယူဆောင်ရွက်ပေးခဲ့သည်။

**စားဝတ်နေရေး**

တနော်ကလုကျေးရွာသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရွှေ့ပြောင်းတောင်ယာနှင့် လယ်စပါးကို အဓိကထားစိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်ကြသည်။ တံခွန်တိုင်ကိုရိုးရာဓလေ့တစ်ခု အဖြစ်ကိုးကွယ်ယုံကြည်ကြပြီး နှစ်စဉ်နှစ်တိုင်း ဧပြီလတွင် တံခွန်တိုင်ပွဲတော်ကို ကျင်းပလေ့ရှိပါသည်။

## ဥစ္စာဓန ကြွယ်ဝမှုပြ ပုံစံဇယား

မြို့နယ် ...ရှားတော ကျေးရွာအုပ်စု ...မြောက်ပိုင်း . ကျေးရွာ .....ဘနောကလု... ရက်စွဲ၁၇.၁၀.၂၀၁၉

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|
| ချမ်းသာ | ပျဉ်အိမ်၊ သွပ်မိုး၊ ကွဲနွား၊ ဆိုင်ကယ်၊ လယ်ထွန်းစက်၊ ဆန်စက်၊ လယ် | ၁၀ | ၂၇% | |
| အလယ်အလတ် | ဝါးအိမ်၊လယ်၊ ကွဲနွား၊ ဆိုင်ကယ် | ၁၃ | ၃၅% | |
| ဆင်းရဲ/နွမ်းပါး | ဝါးအိမ်၊ လယ်မရှိကွဲနွားမရှိ၊ ဆိုင်ကယ်မရှိ | ၁၄ | ၃၈% | |
| စုစုပေါင်းအိမ်ထောင်စု | | ၃၇ | ၁၀၀ % | |

ပါဝင်ဆွေးနွေးသူ

ကျား- ၁၄

မ - ၁၅

မှတ်တမ်းတင်သူ

အမည် -ပလျားရယ်

ရာထူး - လူထုစည်းရုံးမှူး

# ဥစ္စာဓန ကြွယ်ဝမှု သုံးသပ်ချက်

ရွာတောမြို့ ၊ မြောက်ပိုင်းကျေးရွာ အုပ်စု ၊ တနောကလုကျေးရွာ ၊ ရက်စွဲ.....၁၇.၁၀.၂၀၁၉

တနောကလုကျေးရွာ ဥစ္စာဓနကြွယ်ဝမှု သုံးသပ်ချက်များအရ ကျေးရွာရှိ အိမ်ထောင်စုများ၏ ဥစ္စာဓန ကြွယ်ဝမှု ဆန်းစစ်ရာတွင် အဆင့် ၃ ဆင့်ဖြင့်ဆွေးနွေးသုံးသတ်မှတ်ကြသည်။ဆွေးနွေးသုံးသပ်ချက်အရ အဆင့် ၁ မှာ ချမ်းသာသောအိမ်ထောင်စု ၊ အဆင့် ၂ မှာအလယ်လတ်အိမ်ထောင်စု၊ အဆင့်(၃)မှာ ဆင်းရဲသောအိမ်ထောင်စု ဟူ၍ အဆင့်အလိုက် ခွဲခြားသတ်မှတ်ကြသည်။

ချမ်းသာ သောအိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုသုံးသပ်ချက်များအဖြစ် တောင်ယာ၊ သွပ်မိုးအိမ်၊ ကျွဲနွား၊ နှင့်ဆန်စက်စသည့် အရင်းအမြစ်များ ပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုများအား ချမ်းသာအဆင့်ဟု သတ်မှတ်ထားပြီး အဆင့် (၂) ဖြစ်သော အလယ်လတ်အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုသွင်ပြင်လက္ခဏာများအဖြစ် တောင်ယာ ၊ လယ် ၊ သွပ်မိုးထရံ အိမ်ပိုင်ဆိုင်သောသူများအား သတ်မှတ်ထားကာ အဆင့်(၃)နွမ်းပါးသောအိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများအား သုံးသပ်ရာတွင် ၄င်းတို့၏ ပိုင်ဆိုင်မှုများအဖြစ် တောင်ယာအနည်းငယ်၊ လယ်မရှိ ၊ ကျွဲနွားမရှိ၊ လက်လုပ်လက်စားနေ့စားလုပ်ကိုင် အသက်မွေးသော အိမ်ထောင်စုများဖြစ်ကြသည် ဟူ၍ဆွေးနွေး ခဲ့ကြပါသည်။

ကျေးရွာတွင် ဥစ္စာဓနကြွယ်မှု အဆင့် (၁) အိမ်ထောင်စုအရေအတွက်မှာ ၁၀ အိမ် ၊ အဆင့် (၂) အိမ်ထောင်စု မှာ(၁၃) အိမ်နှင့် ဆင်းရဲ့သောအိမ်ထောင်စု (၁၄) အိမ်ရှိပါသည်။အဆင့်(၃)နွမ်းပါးသောသောအိမ်ထောင်စုများ နွမ်းပါးရခြင်းအကြောင်း ဆွေးနွေးသုံးသပ်ချက်အရ ၄င်းအိမ်ထောင်စုများသည် မိသားစုဝင်များခြင်း၊ မိဘအမွေမရခြင်း နှင့်ပြင်ပအလုပ်ကိုင်လုပ်ရန်အတွေ့ကြုံနည်းပါးခြင်း စသည့်အကြောင်းရင်းများကြောင့် နွမ်းပါးရခြင်းအကြောင်းဖြစ်သည်ဟု ဆွေးနွေးခဲ့ကြပါသည်။ အဆင့်· (၁) ချမ်းသာ သောအိမ်ထောင်စုများသည် မိဘအမွေရရှိခြင်း၊ ပြင်ပအလုပ်လုပ်ကိုင်နေခြင်း ၊ အရောင်းဝယ်လုပ်ငန်းလုပ်ကိုင်နေခြင်း စသည့်အကြောင်းရင်းများကြောင့် ၄င်းအဆင့်တွင် ရပ်တည်နေခြင်းဖြစ်သည်ဟူ၍ ချမ်းသာနှင့် နွမ်းပါး အိမ်ထောင်စုများ၏ ကွာခြားချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

ပါဝင်ဆွေးနွေးသူ

ကျား - ၁၄


မ -၁၅

မှတ်တမ်းတင်သူ

အမည် - ဦးပလျားရယ်

ရာထူး-လူထုစည်းရုံးမှူး

# ရာသီခွင်ပြပြကွဒီနေ့ပြပုံ



# ရာသီခွင် ပြက္ခဒိန်သုံးသပ်ချက်

တနော်ကလုကျေးရွာသည် ရှားတောမြို့နယ် မြောက်ပိုင်းအုပ်စုတွင် တည်ရှိပါသည်။ တနော်ကလု ရာသီဥတု အခြေအနေ သုံးသပ်ဆွေးနွေးချက်အား နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးပါးအပေါ်တွင် သုံးသပ်ဆွေးနွေးထားခြင်းဖြစ်ပါသည်။ နွေကာလဖြစ်သော မတ်လ မှ မေလ အထိ စိုက်ပျိုးရန်အတွက် တောင်ယာခုတ်ခြင်း၊ ထင်းခွေခြင်း၊ မြေနေရာရှင်းလင်းခြင်း၊ နှင့် ကြိုတင်ပျိုးကြဲခြင်း စသောလုပ်ငန်းများ ဆောင်ရွက်ကြသည်။ အလုပ်နည်းပါး သည့်ရာသီဖြစ်သောကြောင့် အိမ်အသစ်ဆောက်ခြင်း၊ မင်္ဂလာဆောင်ခြင်း၊ အိမ်သစ်တက်ပွဲ စသော လူမှုရေးပွဲလမ်းသဘင်များကျင်းပမှုများသော ကာလလည်းဖြစ်ပါသည်။

နွေကာလအကုန် မိုးရာသီရောက်ချိန် မိုးရွာသွန်းမှုပေါ်မူတည်၍ လုပ်ငန်းခွင်ဝင်ကြသည်။ အဓိက အသက်မွေးဝမ်းကျောင်းဖြစ်သည့် တောင်ယာ၊ လယ်စပါးကိုစိုးပျိုးရန် ပြင်ဆင်ဆောင်ရွက်နေကြပါသည်။ ဆက်လက်ပြီး အခြားသီးနှံအဖြစ် နှမ်းသီးနှံအား ပွန်ချောင်းနံဘေးရှိ ရွှေပြောင်းတောင်ယာတွင် စိုက်ပျိုးကြလေ့ရှိပါသည်။ နှမ်းသီးနှံစိုက်ပျိုးရန် လုပ်အားကုန်ကျမှုများသောကြောင့် မိသားစုဦးရေများသော အိမ်ထောင်စုများသာ သွားရောက်လုပ်နိုင်ကြသည်။ ဇူလိုင်လတွင် နှမ်းကြဲလေ့ရှိကြပြီး သြဂုတ်လမှာ လယ်ရှိသည့်အိမ်မှ လယ်စပါး ပြန်စိုက်ကြသည်။ တောင်ယာစပါးကို စက်တင်ဘာလ နှင့် အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ နှမ်းသီးနှံအား စက်တင်ဘာလတွင် စတင်ခုတ်သိမ်းကြသည်။ လယ်စပါးကို နိုဝင်ဘာ လတွင် ရိတ်သိမ်းပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေရရှိမှုအခြေအနေသုံးသပ်ချက်အရ တစ်နှစ်တာ ဝင်ငွေအများဆုံးလမှာ အောက်တိုဘာလ နှင့် နို ဝင်ဘာလဖြစ်ပြီး ထွက်ငွေများသည့် လများမှာ စိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ကိုင်သည့်ကာလဖြစ်သည့် ဇူလိုင်လနှင့်သြဂုတ်လတို့ဖြစ်သည်။ ကျေးရွာ၏ လူမှုရေးပွဲလမ်းသဘင်ဆင်ယင်ကျင်းပမှုများအဖြစ် သြဂုတ်လတွင် ရိုးရာဒီးကူပွဲ၊ ဧပြီလတွင် တံခွန်တိုင်ပွဲတော် စသည်ဖြင့် နှစ်စဉ်နှစ်တိုင်းကျင်းပလေ့ရှိသည်။ ရာသီအလိုက် ဖြစ်ပွားတက်သော ရောဂါများ ဆွေးနွေးသုံးသပ်ချက်အရ ဝမ်းလျောဝမ်းပျက်ရောဂါသည် မတ်လနှင့် ဧပြီလ ရေရှားပါးသည့်ကာလတွင် ဖြစ်ပွားတက်လေ့ရှိသည်။ နှာစေး၊ တုပ်ကွေးရောဂါမှာ သြဂုတ်လနှင့် စက်တင်ဘာလ တို့တွင် ဖြစ်ပွားမှုများပါသည်။ ဝမ်းစာဖူလုံမှုအခြေအနေမှာ ရာသီဥတုအခြေအနေ ကောင်းမွန်သောနှစ်များတွင် သီးနှံများအထွက်တိုးလေ့ရှိပြီး ဝမ်းစာဖူလုံမှုရှိသည်ကို တွေ့ရှိရပြီး သီးနှံအထွက်နှုန်းနည်းပါးသောနှစ်များတွင် ဝမ်းစာဖူလုံမှုနည်းပါးသည်ကို တွေ့ရှိရပါသည်။ ဝမ်းစာဖူလုံမှု မရှိသည့် လများအဖြစ် သြဂုတ်လနှင့် စက်တင်ဘာလ များတွင် ဖူလုံမှုနည်းကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများမှာ အများအားဖြင့် မိသားစုစားဝတ်နေရေးအတွက် အခြားတွင် ချေးယူကြရလေ့ရှိသည့်ကာလဖြစ်သည်ဟု သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

## အရင်းအမြစ် အသုံးပြုမှု

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| -နွား<br>- ဆိုင်ကယ်<br>- ဆန်စက် | တံခွန်တိုင်<br>အုတ်ကန်<br>ရေငုတ်<br>လယ်<br>တောင်ယာ<br>သစ်တော<br>လမ်း<br>အိမ် | လက်ယက်ကန်း |

## အရင်းအမြစ် ထိန်းချုပ်မှု

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| -နွား<br>- တံခွန်တိုင်<br>- ဆန်စက် | ဆိုင်ကယ်<br>အုတ်ကန်<br>ရေငုတ်<br>လယ်<br>တောင်ယာ<br>သစ်တော<br>လမ်း<br>အိမ် | လက်ယက်ကန်း |

ပါဝင်ဆွေးနွေးသူ

က -၁၄

မ - ၁

မှတ်တမ်းတင်သူ

ဦးပလျားရယ်


လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်အသုံးပြုမှုနှင့် ထိန်းချုပ်မှုများသုံးသပ်ချက်

တနော်ကလုကျေးရွာ၏ အရင်းအမြစ်များသုံးစွဲမှုနှင့် ထိန်းချုပ်မှု ဆွေးနွေးသုံးသပ်ချက်များအရ ကျေးရွာတွင် နွား၊ ဆိုင်ကယ်၊ ဆန်စက် စသည့်အရင်းအမြစ်များကို အမျိုးသားအများစုက အဓိကသုံးစွဲသော အရင်းအမြစ်များ အဖြစ်တွေ့ရှိရပါသည်။ အမျိုးသမီးများအဓိက သုံးစွဲလေ့ရှိသော အရင်းအမြစ်မှာ လက်ယက်ကန်းတစ်မျိုးသာ ရှိသည်ကိုတွေ့ရှိရပါသည်။ အမျိုးသား၊ အမျိုးသမီးတန်းတူ သုံးစွဲကြသော အရင်းအမြစ်များမှာ လယ်၊ တောင်ယာ၊ သစ်တော၊ လမ်း၊ အိမ်၊ အုတ်ရေကန် နှင့် ရိုးရာတံခွန်တိုင် စသည့်အရင်းအမြစ်များဖြစ်ကြပါသည်။

အရင်းအမြစ်ထိန်းချုပ်မှု ဆွေးနွေးသုံးသပ်ချက်များအရ နွား၊ တံခွန်တိုင် နှင့်ဆန်စက်စသည့် အရင်းအမြစ်များကို အမျိုးသားအများစု ထိန်းချုပ်လေ့ရှိသည်ကိုတွေ့ရှိရပါသည်။ အမျိုးသမီးများ အဓိကသုံးစွဲမှုရှိသော လက်ယက်ကန်း အရင်းအမြစ်တစ်မျိုးသာအမျိုးသမီးများ ထိန်းချုပ်မှုရှိသည်ကိုတွေ့ရသည်။ အမျိုးသားနှင့်အမျိုးသမီးတန်းတူထိန်းချုပ်မှုရှိသော အရင်းအမြစ်များအဖြစ် ဆိုင်ကယ်၊ လယ်၊ တောင်ယာ၊ အုတ်ရေကန်၊ သစ်တော၊ လမ်း၊ အိမ် စသည့်အရင်းအမြစ်များဖြစ်ကြသည်ဟု သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြုပုံ



မှတ်တမ်းတင်သူ

အမည် - ခြဲးကျွဲကျော်

ရာထူး - လူတန်းစားရေးမှူး

# ပင့်ကူအိမ် သုံးသပ်ခြင်း

**ရှားတောမြို့နယ်၊ မြောက်ပိုင်းအုပ်စု၊ တနော်ကလုကျေးရွာ ရက်စွဲ၊ ၁၇.၁၀.၂၀၁၉**

တနော်ကလုကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ အခွင့်အလမ်းများ လက်လှမ်းမီမှုနှင့် အဆင့်အလိုက် ရပ်တည်မှုအခြေအနေများအား ပင့်ကူအိမ်ပုံစံဖြင့် သုံးသပ်ဆွေးနွေးထားပါသည်။ ဆွေးနွေးထားသောအခွင့်အရေးများ လက်လှမ်းမီမှု အမျိုးအစားများမှာ (၁) လူမှုရေး (၂) အလုပ်အကိုင်အခွင့်အလမ်း (၃) ဦးဆောင်မှု (၄) အိမ်မှုကိစ္စ (၅) လုံခြုံမှု (၆) အမွေရရှိမှု (၇) ပူးပေါင်းပါဝင်မှု (၈) ပညာသင်ကြားမှု စသည်တို့ကို ဆွေးနွေးထားပါသည်။

(၁) လူမှုရေးလုပ်ငန်းပါဝင်ဆောင်ရွက်မှုအပိုင်းသည် အမျိုးသား(၉၀%) နှင့် အမျိုးသမီး (၆၀%) ရှိကြသည်။ အမျိုးသမီးများ အမျိုးသားများထက် ရာခိုင်နှုန်းနည်းရခြင်းမှာ ရှက်ကြောက်ခြင်း၊ လူကြားအတိုးရဲခြင်း၊ ကိုယ့်ကိုယုံကြည်မှုအားနည်းခြင်းကြောင့်ဖြစ်သည်။

(၂) အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုမှာ အမျိုးသားများနှင့်အမျိုးသမီးများမှာ တန်းတူရှိကြသည်။

(၃) ဦးဆောင်မှုတွင် အမျိုးသား(၉၀%) ရှိပြီး အမျိုးသမီး(၅၀%)ရှိကာ အချိုးတူညီမှုမရှိသော်လည်း ရပ်ရေးရွာရေးဖြစ်စေ၊ အိမ်တွင်ဖြစ်စေ ယခင်နှစ်များထက်တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

(၄) အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အမျိုးသမီးများ(၁၀၀%)ရှိပြီး အမျိုးသားများထက် (၇၀%)ပိုများပါသည်။ အကြောင်းရင်းမှာ အမျိုးသမီးအများစုသည် အိမ်မှုကိစ္စပိုလုပ်ဆောင်နေရခြင်း၊ ကလေးထိန်း၊ မီးဖိုချောင် လုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်ရခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၅) လုံခြုံမှုသည် အမျိုးသမီးသည်(၅၀%)ရှိပြီး အမျိုးသားများမှာ (၁၀၀%)ရှိကာ အမျိုးသမီးများသည် အမျိုးသားများထက်(၅၀%) နည်းပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက်အင်အားနည်းခြင်း၊ မိမိ ကိုယ်ကိုကာကွယ်နိုင်မှုအားနည်းခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်း၊ ရှေ့လူကြီးစကားအရ သွားလာရန်တွင် အမျိုးသမီးတစဦးတည်းသွားလာရန် မသင့်တော်ဟု လက်ဆင့်ကမ်းပြောကြားခြင်း စသည်တို့ကို အမျိုးသမီးက အမျိုးသားထက်လုံခြုံမှုတွင် နည်းရခြင်းဖြစ်သည်ဟု သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

(၆) တနော်ကလုကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီးများသည် အမွေရရှိမှုသည်(၅၀%)တန်းတူညီကြသည် မိဘအမွေရှိသည်အတိုင်း ခွဲခြားပေးခြင်းမရှိပါ။

(၇) ပူးပေါင်းပါဝင်မှုတွင် အမျိုးသမီးသည် (၆၀%)ရှိသည်။ အမျိုးသားလည်း (၈၀%)ရှိပါသည်။ အမျိုးသားအများစုသည် အရင်နှစ်တွေမှာ ကျေးရွာအစည်းအဝေးပြုလုပ်ရာတွင် ပိုမိုပူးပေါင်းတက်ရောက်ကြသည်။

(၈) ပညာသင်ကြားခွင့်ရရှိမှုသည် အမျိုးသမီးသည် (၅၀%)အမျိုးသားလည်း(၅၀%)ရှိပါသည်။ တန်းတူသင်ကြားခွင့်ရှိသော်လည်း ကျေးရွာအတွင်းရှိ ကျောင်းတွင်ပညာသင်ပြီးလျှင် အခြားကျေးရွာထိသွားကာ ပညာရေးကို ဆက်လက်သင်ကြားရန် ခက်ခဲကြပါသည်။ မိသားစုစားဝတ်နေရေး အဆင်မပြေမှုကြောင့် ကလေး များ ပညာရေးအဆုံးခန်းတိုင်အောင် သင်ကြားခွင့် မရှိသည်ကိုလဲ တွေ့ရှိရပါသည်။

အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ

ကျား- ၁၄

မ - ၁၅

မှတ်တမ်းတင်သူ

အမည် - ပလျားဂျယ်


ရာထူး - CF

# အဖွဲ့အစည်းချိတ်ဆက်မှုများသုံးသပ်ချက်

တနော်ကလုကျေးရွာတွင် အုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိက စီမံခန့်ခွဲကာ ချိတ်ဆက်ဆောင်ရွက်မှုရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အပြင် ရပ်ရေးရွာရေးအတွက် ဦးဆောင်ရန်အခြားဖွဲ့စည်းထားသည့် အဖွဲ့များမှာ ငွေစုငွေချေးအဖွဲ့၊ ရေကော်မတီ၊ လူငယ်အဖွဲ့ နှင့် အမျိုးသမီးအဖွဲ့စသည့် အဖွဲ့အစည်းများ ဖွဲ့စည်းထားကြသည်။

တနော်ကလုကျေးရွာ ပြင်ပ မှ လာရောက်ချိတ်ဆက်ဆောင်ရွက်သည့်အဖွဲ့အစည်းများမှာ KNPP နယ်လှည့် ဆေးကုသရေးအဖွဲ့၊ အုပ်စုအုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဌာနနှင့် လူထုဗဟိုပြုစီမံကိန်း စသည့် အဖွဲ့အစည်းများ ဖြစ်ကြသည်ကို တွေ့ရှိရပါသည်။ အဖွဲ့အသီးသီး၏ ကိုယ်စီဆောင်ရွက်သည့် လုပ်ငန်းပေါ်မူတည်ကာ ကဏ္ဍအလိုက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာလူထုနှင့် ပူးပေါင်းဆောက်လုပ်ပေးခဲ့ပါသည်။ CDD အဖွဲ့သည် ၂၀၁၇ ခုနှစ်တွင် ကျေးရွာမြေသားလမ်းတိုးချဲ့ခြင်းနှင့် ကျေးရွာတံတားကို ဆောက်လုပ်ပေးခဲ့ပါသည်။ စီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် အဓိက ဦးဆောင်မှုပြုကြပြီး စီမံကိန်းလုပ်ငန်းခွဲများကို စီမံခန့်ခွဲမှုပြုကြသည်။ CYC အဖွဲ့သည်ကျေးရွာတံခွန်တိုင်ဧရပ်ကို ဆောက်လုပ်ပေးခဲ့ကာ နတလ အဖွဲ့သည် ကျေးရွာမီးလင်းရေး လုပ်ငန်း တစ်ခုဖြစ်သည့် ဆိုလာမီးလင်းရေးကို လာရောက်ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် CDD အဖွဲ့မှ ကျေးရွာ၏ လုပ်ငန်းဖြစ်သော စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်းနှင့် ကျေးရွာအဝင်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ပေးခဲ့ပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ

ကျား-၁၄


မ ၁၅

မှတ်တမ်းတင်သူ

အမည်ပလျားဂုယ်

ရာထူး CF

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ

ကျား- ၉ မ- ၄ မှတ်တမ်းတင်သူအမည်- ပလျားရယ် ရာထူး- CF

## ပုံစံ ၈ ခ မတော်ရွာသစ်ခြံဝန်ထမ်းဆေးဘက်ဆိုင်ရာ (Form PC 1)

ကျေးရွာခေါင်းဆောင် အမည် ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် လူဆုစည်းဝေးရေးများ၏အမည်

ကျန်းမာရေးဆေးပေးခန်းဒေသကြီး ခြံ.နယ် ကျေးရွာအုပ်စု အကူးများ

ကား လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---------- | | ဘာသာ(၁)---------- | |
| လူမျိုးစု (၂)---------- | | ဘာသာ(၂)---------- | |
| လူမျိုးစု (၃)---------- | | ဘာသာ(၃)---------- | |
| လူမျိုးစုခြား---------- | | ဘာသာခြား---------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)---------- | | | |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်စုဦးစီး | | | |

(၈) အခြေခံကျောင်းအဆင့်အတန်းများ

| | | | | | |
|---|---|---|---|---|---|
| စာသင်ကျောင်းများ | အမှတ် | ကျန်းမာရေး | အမှတ် | ဘာသာရေးဆိုင်ရာ | အမှတ် |
| | ရှိ/မရှိ | | ရှိ/မရှိ | အဆိုပါများ | ရှိ/မရှိ |
| အထက်တန်းကျောင်း | | ဆေးရုံ | | ဗုဒ္ဓဘာသာ | |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘာသာများကျောင်း | |
| မူကြို/ကျောင် | | ဆေးပေးခန်း | | ခရစ်ယာန်ကျောင်း | |
| အခြား | | အခြား | | အစ္စလာမ် | |
| | | | | အခြား | ✓ |
| မတ်ချက် | | မတ်ချက် | | မတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | (၂)ကျန်းမာရေး | | (၃) လက်မှုပညာရှင် | |
|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ / အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ / အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ / အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ✓ | ဆရာဝန် | | လက်သမား | ✓ |
| အထက်တန်းပြဆရာ/မ | | လက်ထောက် ကျန်းမာရေးမှူး | | ပန်းရံ | |
| အလယ်တန်းပြဆရာ/မ | | အမျိုးသမီးကျန်းမာရေး ဆရာမ | | လျှပ်စစ်ကျွမ်းကျင်/ မီးသမား | |
| မူကြို/ဆရာ/မ | | သားဖွားဆရာမ | | ရေပိုက်သွယ်သူ | |
| အခြား | | ပြည်သူ့ကျန်းမာရေးလုပ်သား | | စက်ပြင်ဆရာ | |
| မတ်ချက် | | မတ်ချက် | | မတ်ချက် | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုပိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း: | ✓ ကတ္တရာလမ်း: | ကွန်ကရစ်လမ်း: | ✓ မော်တော်ဆိုင်ကယ်လမ်း: |
| ကျောက်ခင်းလမ်း: | မြေသားလမ်း: | လူသွားလမ်း: | အခြား: |

ပိုင်းခြ

ရှိပါသည်/မရှိပါ/မသိပါ

စီမံချက်ရှိခဲ့ပါသလား

(၂) ရှိခဲ့ပါကယျင် ဤစီမံချက်ကို မည်သည့် နှနစ်တွင်ပြငျဆင်ခဲ့ပါသနည်း? နှစ်/မသိပါ

(၃) ဤစီမံချက်ကို ဖြို့နယ်မှအောဟ်သ်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

(ဃ) ခရိုးအကွာအဝေး

(၁) ဤကျေးရွာထံမကိုမှရင်းကျေးရွာအုပ်စုထံမကိုးအထိခရိုးမိုင်မည်မျကွာဝေးသနည်း? မိုင်-၂/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဝကိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂ နာရီ ထော်လာကို/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား .....

မိုးရာသီတွင်ကြာချိန် ၄ နာရီ ထော်လာကို/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား .....

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောကျမှုခြင်း ရှိပါသလား။

✓ မရှိပါ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ.....

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝပဂိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့)
စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) .....

(၂) .....

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

မရှိပါ ✓ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် ..... ခန့်စွဲ

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် ခန့်စွဲ

## ပုံစံ - စ-၂ - စီမံကိန်းစက်ပန်းအဆိုနှံဇယား (PC 2)

ကမ်းနှံမှုမှာ သက်ဆိုင်ရာလူပုဂ္ဂိုလ်များ/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ပန်းစဆင့်တစ်ခုစီပြီးစီးတိုင်းကျေးဇူးနှင့် ကျေးဇူးအုပ်စုအတွက် ဘဏ်ပုံစံကိုပြည့်သွင်းရမည်။

ရည်ရွယ်ချက်များ/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် -

နေ.စွဲ


စက်ပန်းအား အမှတ်ခြစ်ပါ □ စက်ပန်း(၁) □ စက်ပန်း(၂) □ စက်ပန်း(၃) □ စက်ပန်း (၄)


| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| | | | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စုအ ရေအတွက် | လူမျိုးစုတက်ရောက်သူ အရေ အတွက်နှင့် လူမျိုးစုအမည် | ဒေါ်မထောင်စု ပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | | | | | | | | |
| ၂။ ကျေးရွာပွဲ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံး ဖြတ်ချက်ချ သည့်အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့်အကောင် အထည်ဖော်ရေးကော်မတီအဆုံးဖြတ်မှုကို ရွာသို့ အသိပေးအစည်းအဝေး | | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅.၂။ စိမ်ကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး: | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၅.၃။ စိမ်ကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း: | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၇ | ၇ | ၁၁ | ၁၁ | ကယား ၁ | |
| ၅.၄။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း: | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၇ | ၇ | ၁၁ | ၁၁ | ကယား ၁ | |
| ၅.၅။ဘက္ကာရေးကုန်ကျမှု လျှာထားအစီအစဉ် ရေးဆွဲခြင်း: | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၇ | ၇ | ၁၁ | ၁၁ | ကယား ၁ | |
| ၅.၆။မြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း: | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၇ | ၇ | ၁၁ | ၁၁ | ကယား ၁ | |
| ၇။ စိမ်ကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး: | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | ၁ | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | ၁ | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | ၁ | | |
| ၈။ စိမ်ကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | ၁ | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး: | | | | | | ၁ | | |

# ပထမနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်





# ဒုတိယနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

ဖော်ညွှန်းချက်များ အဆင့်(၁) ကျေးရွာမျော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီပင်ကိန်း အသေးစိတ်အကျဉ်းကို မကြာမီသည် လူထုစည်းရုံးရေးမှူးအား ကူညီပို့စေခိုင်းရန်အတွင် ကျေးရွာလူထုစည်းရုံးရေးမှူး ဝန်ထမ်း အယည် ခွင့် ရက်ပေါင်း ခန့်ခွဲ စက်ဝန်းအား အမှတ်ခြစ်ပါ (၄) စက်ဝန်း(၁) စက်ဝန်း(၂) စက်ဝန်း(၃) ပြည်နယ် တိုင်း ကသာ ပြုစုထား ပြီးနယ် ကျေးရွာအုပ်စု ဖြစ်ပါသည်။ ကား အခက်အခဲအတားအဆီးများအား ထွေးနွေးခြင်း ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် အောက်ပါအတိုင်းဖြစ်ပါသည်။ (အမျိုးသား သမီး အနည်းဆုံးအခက်အခဲ ၅ ခု စီဖော်ပြပါ)

အမျိုးသား အမြဲမှ တင်ပြမသောအခက်အခဲအတားအဆီးများ

၁ လမ်း ကောင်းခြင်း
၂ ရေသန့်စင်ကာရှိ (ကန်ရေ သောက်ရသည်)
၃ ဝေးကွာ ဖြတ်သွား ရခြင်း
၄ အိုလာဟိ
၅

အမျိုးသမီး အမြဲမှတင်ပြသောအခက်အခဲအတားအဆီးများ

၁ လမ်း ကောင်းခြင်း
၂ ရေသန့်စင်ကာရှိ (ကန်ရေ သောက်ရသည်)
၃ ဝေးကွာ ဖြတ်သွား ရခြင်း
၄ အိုလာဟိ
၅

ခ။ မျော်မှန်းခြင်း - ဒေတင်ကာယည် (၅) နှစ် အပြည်း ကျေးရွာဖွံ့ဖြိုးရေး မျော်မှန်းချာတားချက်များအား တင်ပြပါ။

အမျိုးသားအမြဲမှ တင်ပြသောမျော်မှန်းချက်များ

၁ လမ်း ကောင်းမွန်ရေး ကိုဆောင်ရွက်ခြင်း
၂ ရေသန့်စင်ကာရှိ ကန်ရေသန့်စင်စေရေး ကိုဆောင်ရွက်ခြင်း
၃ ဝေးကွာ ဖြတ်သွား ရခြင်း ကိုဆို
၄ အိုလာဟိ
၅


အမျိုးသမီးအမြဲမှ တင်ပြသောမျော်မှန်းချက်များ

၁ လမ်း ကောင်းမွန်ရေး ကိုဆောင်ရွက်ခြင်း
၂ ရေသန့်စင်ကာရှိ ကန်ရေသန့်စင်စေရေး ကိုဆောင်ရွက်ခြင်း
၃ ဝေးကွာ ဖြတ်သွား ရခြင်း ကိုဆို
၄ အိုလာဟိ
၅

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကောင်အထည်ဖော်သော ဦးစားပေး ပို့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ပို့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အသိုင်းဝိုင်းခံ (အမျိုးသားများ အမျိုးသမီးများ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | လမ်း ကောင်းမွန်ရေး ကိုဆောင်ရွက်ခြင်း | ကျေးရွာ | | |
| ၂ | ရေသန့်စင်ကာရှိ | ကျေးရွာ | | |
| ၃ | ဝေးကွာ ဖြတ်သွား ရခြင်း ကိုဆို | ကျေးရွာ | | |
| ၄ | အိုလာဟိ | ကျေးရွာ | | |
| ၅ | | | | |

# တတိယနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်



ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (၂၀၂၀-၂၀၂၃)

လမ်းညွှန်ချက်- ဖခေလှဲ့(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အတောင်းအကျဉ်းကို ကော်မတီသည် လူထုစည်းဝေးပွဲတွင် ဆွေးနွေးတင်ပြနိုင်ရန် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | |
|---|---|
| လူထုစည်းဝေးပွဲ/ဆွေးနွေးပွဲ/ပန်ထမ်း အမည် ခွီးဟက်ကျာ:ဇာပေါ် | စက်ပန်းအား အမှတ်ခြစ်ပါ (√) □ စက်ပန်း(၁) |
| နေ့စွဲ ၁၀-၁၀-၂၀၁၈ | □ စက်ပန်း(၂) □ စက်ပန်း(၃) □ စက်ပန်း(၄) |

| ပြည်နယ်/တိုင်း | ခြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား: | ဖွာ:ဝကော | ဝေဖြာကော်ဖိုင်: | ဝဒွါဝနော်ကလူ |


က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း -

ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များ ဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| သောကိုယ့်ဒေါ်လာကကိုယ်ပြီးပေါ်လည်ပြီး ကောင်းမွန်စွာဖြေရှင်းလို့ခဲ့ခဲ့ခြင်း | □ ကျား □မ □ ကျား+မ |
| မြို့:ကျေးရွာ အုပ်ချုပ်ရေးမှူးကြောင့် တစ်ခါတစ်ခါ ဖြစ်ပျက်လိုက်ခဲ့ခြင်း | □ ကျား □မ □ ကျား+မ |
| ကျေးရွာ:ပဒေသရာ:ဆက်သွယ်ရေး:ပြဿနာ ရှာဖွေဖြေရှင်းခဲ့ခြင်း | □ ကျား □မ □ ကျား+မ |
| ပညာရေး:လက်ရှိကျောင်း:ဖြစ်မှီ ခြင်း | □ ကျား □မ □ ကျား+မ |
| | □ ကျား □မ □ ကျား+မ |
| | □ ကျား □မ □ ကျား+မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|
| ရောကိုယ့်ဒေါ်လာ ဒေါ် အိုဆောဝေးရေး လာရေးစရာရှိ | □ ကျား □မ □ ကျား+မ |
| ကျေးရွာ:ပဒေသရာ:ဆက်သွယ်ရေး:ကောင်း:ဆွဲငင်လာရေးစရာရှိ | □ ကျား □မ □ ကျား+မ |
| ပညာရေး:လက်ရှိကျောင်း:မှီ လာရေးစရာရှိ | □ ကျား □မ □ ကျား+မ |
| ကျေးရွာအိုဆော်ဟာ:ပွား:များ အိုဆောဝေးရေး လာရေးစရာရှိ | □ ကျား □မ □ ကျား+မ |
| | □ ကျား □မ □ ကျား+မ |
| | □ ကျား □မ □ ကျား+မ |



# စတုတ္ထနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| လမ်းညွှန်ချက်- အဆင့်(၃)ကျေးရွာမျော်မှန်းချက်အစည်းအဝေးပြုလုပ်သောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ရမည်။ | |
| လူထုစည်းရုံးရေးမှူး/ပန်ထမ်း အမည် | |
| ဒေသခံ | စက်ပန်းအား အမှတ်ခြစ်ပါ (√) □ စက်ပန်း(၁) □ စက်ပန်း(၂) □ စက်ပန်း(၃) □ စက်ပန်း(၄) |
| မြေနေယ်/ဝိုင်း | မြို့နယ် ကျေးရွာအုပ်စု ကျေးရွာ |

ကဏ္ဍ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်သနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |
| | □ ကျား □မ □ ကျား+ |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး မြို့ပြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး မြို့ပြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/အမျိုးသမီးများ/အခြားသား+အမျိုးသမီး) | အခန်းကဏ္ဍ | ဦးစားပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်းကုန်ကျစရိတ် | အကြမ်းဖျင်းခန့်မှန်းခြေအချိန်ဇယား | |
|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ |
| ၁ | ကုန်းကား ကားလွှဲ ဂေးကော်ခြင်း | ၁၀၀ | | ၁ | ၁၀၀၀၀၀ | ၁၀၀ | ၁၀၀ |
| ၂ | ရေဒေသခံများ၏ ဘဝ ပညာအရည်အချင်း တိုးတက်မှု | | | | ၁၀၀၀၀၀ | ၁၀၀ | ၁၀၀ |
| ၃ | ရေနှင့်မျက်နှာပြင်ရေ ကုန်းကား | | | | ၁၀၀၀၀၀ | ၁၀၀ | ၁၀၀ |
| ၄ | ပြည်သူ့ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု | | | | ၁၀၀၀၀၀ | ၁၀၀ | ၁၀၀ |
| ၅ | | | | | | | |
| ၆ | | | | | | | |
| ၇ | | | | | | | |
| ၈ | | | | | | | |

ငး။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး မြို့ပြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး မြို့ပြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အခြားသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ပေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှအတည်ပြုသည်။

အမည် ..... လက်မှတ် ..... ရက်စွဲ .....

နေ့ရက် ၂၀၂၁-၂၀၂၂
နေရာ ဒဲ့ဖရောက်
ပြုစုသူ ဘုန်းမြတ်

အဖွဲ့ ၃
ကျောင်းအုပ်စု/ကျောင်း ကြေးမုံကြိုး ၁၆၅/ပေါက်ကလေး
ပြည်နယ် ကယား

အစည်းအဝေးအစီအစဉ်

၁ - စီမံကိန်း ဒေသသိရှိခြင်း
၂ - စီမံကိန်း ဧကအရေအတွက်
၃ - PRA Tools ဆွေးနွေးခြင်း
၄ - ဧကအလိုက် ငွေသားရရှိမှု၊ ပေးချေရမှုများ
၅ - နိဂုံးချုပ်ခြင်း၊ နောက်အစည်းအဝေးနေ့ရက်သတ်မှတ်ခြင်း

ဆွေးနွေးသည့်အကြောင်းအရာများ

- စီမံကိန်း ဧကအလိုက် စီမံကိန်းတာဝန်ခံများ ရွေးချယ်ခြင်း
- ဧကအလိုက် ကုန်ကျစရိတ်များ ရှင်းလင်းခြင်း၊ ကုန်ကျစရိတ်များ ကြိုတင်ရှာဖွေထားရန် ရှင်းလင်းခြင်း
- PRA Tools များဖြစ်သော ပုံစံများ ဖြည့်သွင်းခြင်း
- ဧကအလိုက် ငွေသားရရှိမှု၊ ပေးချေရမှုများ ဖြည့်သွင်းခြင်း
- နိဂုံးချုပ်ခြင်း၊ နောက်အစည်းအဝေးနေ့ရက် သတ်မှတ်ခြင်း

နီးဆောင်ဆွေးနွေးသူ

- ဦးဟန်မြင့်ဖေ
- ဦးဟန်ဖေ
- ဦးဟန်ဝင်းဦး
- ဦးဟန်မြင့်ဖေ

ဆွေးနွေးဆုံးဖြတ်ချက်များ

- စီမံကိန်းဧကအလိုက် ပေးချေရမည့်ငွေများ ကုန်ကျစရိတ်များ update ပြုလုပ်ရန်
- PRA Tools မှ data များကို update ပြုလုပ်ခြင်း၊ ကြိုးပမ်းမှုအရ ကြိုတင်ရှာဖွေထားသော ဧကအလိုက် ရရှိမည့်ငွေများ၊ ပေးချေရမည့်ငွေများ ရှာဖွေထည့်သွင်းခြင်း
- လာမည့်ကြိုတင်ရှာဖွေမှုအတွက် ဧကအလိုက် ကုန်ကျစရိတ်များ ဦးဟန်ဝင်းဦးမှ ဆက်လက်ရှာဖွေထားရန်

အကြံပြုချက်များ

- လာမည့်အစည်းအဝေးတွင် ဧကအလိုက် ကုန်ကျစရိတ်များကို PRA Tools မှ ဖြည့်သွင်းရာတွင် ရရှိမည့်ငွေများ ပေးချေရမည့်ငွေများ ပိုမိုတိကျစေရန် ဦးဟန်ဝင်းဦးမှ ဆက်လက်ရှာဖွေထားရန် အကြံပြုသည်

ဦးဟန်မြင့်ဖေ (ငြိမ်)

**ဦးစားပေး စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ | - တနော်ကလုကျေးရွာ |
| ကျေးရွာအုပ်စု | - မြောက်ပိုင်းကျေးရွာအုပ်စု |
| မြို့နယ် | - ရှားတောမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | -ကယားပြည်နယ် |

**စီမံချက်အမည်** - (၂၁၄၇၀'×၄') မြေသားလမ်းဖောက်လုပ်ခြင်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာ နှင့် ကျေးရွာအနီးပတ်ဝန်းကျင်သို့ စီးပွားရေး လူမှုရေး ကိစ္စရပ်များ သွားလာရန်ခက်ခဲပါသည်။
- ကျောင်းသားကျောင်းသူများအနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား ကျောင်းပြန် အခက်အခဲများ ရှိပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ နှင့် ကျေးရွာအနီးပတ်ဝန်းကျင်သို့ စီးပွားရေး လူမှုရေး ကိစ္စရပ်များ သွားလာမှုလွယ်ကူရန်။
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာမှုလွယ်ကူနိုင်စေရန်၊

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျောင်းသား/ကျောင်းသူများစိတ်အေးချမ်းသာစွာပညာသင်ယူနိုင်စေပါလိမ့်မည်။
- ကျောင်းဝန်းနှင့် ကျောင်းသား/သူများ လုံခြုံစိတ်ချ မှုရှိလာစေနိုင်ပါလိမ့်မည်။
- အနာဂတ်မျိုးဆက်သစ်ပညာတတ်များ ပေါ်ပေါက်လာစေပါလိမ့်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- အိမ်ခြေ (၄၈) အိမ်အတွက် မြေသားလမ်းဖောက်လုပ်ခြင်း

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာန |
| • _____ (ငွေသား) | • ကျေးရွာ |
| • _____ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၆၇ | ၁၃၀ | ၂၉၇ | ၄ | ၂၀ | ၂၀ | ၄ | ၄၈ |
| အကျိုးခံစားမည့်သူ ဦးရေ | ၁၆၇ | ၁၃၀ | ၂၉၇ | ၄ | ၂၀ | ၂၀ | ၄ | ၄၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- **တနော်ကလုကျေးရွာ** ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၂၁ခုနှစ်၊ မတ်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၂၁ ခုနှစ်၊မေလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- မြေသားလမ်းခင်းခြင်းတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။
- ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/သား များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

**ဦးစားပေး စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)**

| | |
|---|---|
| ကျေးရွာ | - တနော်ကလုကျေးရွာ |
| ကျေးရွာအုပ်စု | - မြောက်ပိုင်းကျေးရွာအုပ်စု |
| မြို့နယ် | - ရှားတောမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ကယားပြည်နယ် |

**စီမံချက်အမည်** - စိမ့်စမ်းရေသွယ်တန်းခြင်း(၂)မိုင်

- **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**
- ကျေးရွာတွင် သောက်သုံးရေအတွက် လူဦးရေများပြားပြီး ၊ နွေရာသီတွင်လည်း ရေခမ်းခြောက်သဖြင့် ရေမလုံလောက်မှုများ ကြုံတွေ့နေကြရပါသည်။
- နွေရာသီ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင်လည်း အခက်အခဲ ကြုံနိုင်ပါသည်။
- သောက်သုံးရေအတွက် အချိန်ပေးလုပ်ဆောင်နေရသဖြင့် အခြားသော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာသူ/သားများ သောက်သုံးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာ အသုံးပြု နိုင်ရန်။
- နွေရာသီ မီးဘေးအန္တရာယ် ကာကွယ်ရာတွင် အခက်အခဲ မရှိစေရန်။
- အခြားဝင်ငွေရလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ပြီး စျေးကွက်စီးပွားရေး ပိုမိုကောင်းမွန်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းဖြင့် သောက် သုံးရေ ဖူလုံစွာရရှိလာမည်။
- နွေရာသီ မီးဘေးအန္တရာယ်ကြုံတွေ့လာပါကလည်း အချိန်မီ လွယ်ကူစွာ ငြိမ်းသတ်နိုင်မည်။
- ထိုသို့ စိမ့်စမ်းရေသွယ်ယူခြင်းဖြင့် အိမ်တိုင်ရာရောက်ရေသွယ်စနစ်သို့ အဆင့်မြှင့်တင် နိုင်ပြီး အချိန်ကုန် သက်သာစွာဖြင့် သောက်သုံးရေဖူလုံစွာရရှိလာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

အိမ်ခြေ (၄၈) အိမ်အတွက် စိမ့်စမ်းရေသွယ်တန်းခြင်း (၂)မိုင်

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• _____ (ငွေသား)<br>• _____ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၆၇ | ၁၃၀ | ၂၉၇ | ၄ | ၂၀ | ၂၀ | ၄ | ၄၈ |
| အကျိုးခံစားမည့်သူ ဦးရေ | ၁၆၇ | ၁၃၀ | ၂၉၇ | ၄ | ၂၀ | ၂၀ | ၄ | ၄၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- တနော်ကလုကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၂၁ ခုနှစ်၊ မတ်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၂၁ခုနှစ်၊ မေလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်း အစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- တနော်ကလုကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းရန်အတွက် ကျေးရွာလုပ်အား ထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- စိမ့်စမ်းရေသွယ်တန်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ ရေရှည်ကောင်းမွန် ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ် ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာ အတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်း လုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

## ဦးစားပေး စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

| | |
|---|---|
| ကျေးရွာ | - တနော်ကလုကျေးရွာ |
| ကျေးရွာအုပ်စု | - မြောက်ပိုင်းကျေးရွာအုပ်စု |
| မြို့နယ် | - ရှားတောမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ကယားပြည်နယ် |

**စီမံချက်အမည် –** ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း (၆၀'×၃၀'×၁၂')

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- နှစ်စဉ် ကျောင်းသားဦးရေကလေးငယ်များ ပိုမိုများပြားလာခြင်းကြောင့် ကျောင်းဆောင်(၁) ဆောင်တိုးချဲ့ရန် လိုအပ်နေပါသည်။
- ကျောင်းသူ/ကျောင်းသားများအတွက် ပညာသင်ကြားရာတွင် အခက်အခဲဖြစ်စေပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျောင်းဆောင်သစ်တိုးချဲ့ ဆောက်လုပ်ခြင်းအားဖြင့် ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာမှ ကလေးများသည် အခက်အခဲမရှိပဲ အဆင်ပြေစွာ ပညာသင်ကြားနိုင်စေရန်၊

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျောင်းဆောင်သစ်တိုးချဲ့ ဆောက်လုပ်ခြင်းအားဖြင့် ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာမှ ကလေးများသည် အခက်အခဲမရှိပဲ အဆင်ပြေစွာ ပညာသင်ကြားနိုင်ပါမည်။
- ငယ်စဉ်အရွယ်ကတည်းက ကျောင်းနေပျော်၍ စာတော်သော ကလေးများ ဖြစ်လာကာ ပညာသင်ယူမှုပိုမို ကောင်းမွန်လာစေပြီး ပညာတတ်ဦးရေ များပြားလာစေမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း(၆၀'×၃၀'×၁၂')

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• _____ (ငွေသား)<br>• _____ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၆၇ | ၁၃၀ | ၂၉၇ | ၄ | ၂၀ | ၂၀ | ၄ | ၄၈ |
| အကျိုးခံစားမည့်သူ ဦးရေ | ၁၆၇ | ၁၃၀ | ၂၉၇ | ၄ | ၂၀ | ၂၀ | ၄ | ၄၈ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- တနော်ကလုကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၂၁ခုနှစ်၊ မတ်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန် -** ၂၀၂၁ခုနှစ်၊ မေလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျောင်းအတွက် လိုအပ်သော မြေနေရာနှင့် လုပ်အားကို ကျေးရွာမှထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- မူကြို့ကျောင်း ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



